**တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့**
**လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့၂၀၂၀ ပြည့်နှစ်ထွက် မိုးစပါးများကို အခြေခံရည်ညွှန်းဈေး**
**နှုန်းဖြင့် ဝယ်ယူရန် တင်ဒါအဆိုပြုလွှာ ဖိတ်ခေါ်ခြင်း**

၁။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ သည် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ ၂၀၂၀-၂၀၂၁ မိုးစပါးနှင့် နွေစပါးတို့ကို စပါးသီးနှံ စိုက်ပျိုး ထုတ်လုပ်သော တောင်သူလယ်သမားများ သင့်တင့်မျှတသော ဈေးကွက်နှင့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေးအတွက် **"အစိုဓါတ် (၁၄) % ရှိ၍ အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲ ကင်းစင်ပြီး အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် တစ်တင်းလျှင် (၄၆) ပေါင် ကိုက် စပါးတင်း (၁၀၀) ၏ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို ငွေ(ငါးသိန်းနှစ်သောင်း)ကျပ်"** ဖြင့် သတ်မှတ်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ် စပါး၊ ဆန်ဝယ်ယူရေး ကြီးကြပ်မှုလုပ်ငန်းအဖွဲ့များမှ ၂၀၂၀ ခုနှစ်ထွက် မိုးစပါးများကို အောက်ဖော်ပြပါဒေသများတွင် သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ အခြေခံ ရည်ညွှန်းစပါးဈေးနှုန်းဖြင့် တောင်သူလယ်သမားများထံမှ စပါးများ ဝယ်ယူမည်ဖြစ်ပါ၍ စပါးဝယ်ယူလိုသည့် လုပ်ငန်းရှင်များကို ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | ရန်ကုန်တိုင်းဒေသကြီး (၁၀) မြို့နယ် | ခရမ်း၊ သုံးခွ၊ တိုက်ကြီး၊ ကျောက်တန်း၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ လှည်းကူး၊ သန်လျင်၊ ထန်းတပင်၊ တွံတေး။ |
| ( ခ ) | ဧရာဝတီတိုင်းဒေသကြီး (၂၆) မြို့နယ် | ပုသိမ်၊ ကန်ကြီးထောင့်၊ သာပေါင်း၊ ငပုတော၊ ကျုံပျော်၊ ရေကြည်၊ ကျောင်းကုန်း၊ ဟင်္သာတ၊ ဇလွန်၊ လေးမျက်နှာ၊ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူ၊ မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မ၊ လပွတ္တာ၊ မော်ကျွန်း၊ မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူ၊ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲ။ |
| ( ဂ ) | ပဲခူးတိုင်းဒေသကြီး (၂၈) မြို့နယ် | ပဲခူး၊ သနပ်ပင်၊ ကဝ၊ ဝေါ၊ ညောင်လေးပင်၊ ကျောက်တံခါး၊ ဒိုက်ဦး၊ ရွှေကျင်၊ တောင်ငူ၊ ရေတာရှည်၊ ကျောက်ကြီး၊ ဖြူး၊ အုတ်တွင်း၊ ထန်းတပင်၊ ပြည်၊ ပေါက်ခေါင်း၊ ပန်းတောင်း၊ ပေါင်းတည်၊ သဲကုန်း၊ ရွှေတောင်၊ သာယာဝတီ၊ လက်ပံတန်း၊ မင်းလှ၊ အုတ်ဖို၊ ဇီးကုန်း၊ နတ္တလင်း၊ မိုးညို၊ ကြို့ပင်ကောက်။ |
| (ဃ) | တနင်္သာရီတိုင်းဒေသကြီး (၇) မြို့နယ် | ထားဝယ်၊ လောင်းလုံ၊ သရက်ချောင်း၊ ရေဖြူ၊ မြိတ်၊ တနင်္သာရီ၊ ပုလော။ |
| ( င ) | ရခိုင်ပြည်နယ် | မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ ပုဏ္ဏားကျွန်း၊ |

(၅) မြို့နယ် ပေါက်တော။

၃။ **တင်ဒါပုံစံနှင့် စည်းကမ်းချက်များရောင်းချမည့်နေရာ –**

(က) အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို (၁၄–၁၀–၂၀၂၀) ရက်နေ့မှ (၂၈–၁၀–၂၀၂၀) ရက်နေ့ အထိ နေ့စဉ် (၉:၃၀) နာရီမှ (၁၆:၃၀) နာရီထိ ရောင်းချပါမည်။

( ခ ) အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံး (ရန်ကုန်တိုင်းဒေသကြီး/ ဧရာဝတီတိုင်းဒေသကြီး/ ပဲခူးတိုင်းဒေသကြီး/တနင်္သာရီတိုင်းဒေသကြီး/ရခိုင်ပြည်နယ်)များတွင် ရောင်းချပါမည်။

( ဂ ) အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များနှင့် ပုံစံများကို တစ်စုံလျှင် ကျပ်(၁၀၀၀၀/) (ကျပ်တစ်သောင်းတိတိ) ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၄။ **အိတ်ဖွင့်တင်ဒါပေးသွင်းရမည့်နေရာ၊ နေ့ရက်နှင့်အချိန်။** တင်ဒါအဆိုပြုလွှာများကို(၂၈–၁၀–၂၀၂၀) ရက်နေ့၊ ညနေ (၄:၃၀) နာရီ နောက်ဆုံးထား၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် စပါးဆန်ဝယ်ယူ ရေးကြီးကြပ်မှုလုပ်ငန်းအဖွဲ့များထံ တင်သွင်းနိုင်ပြီး တင်ဒါအောင်မြင်သူများကို (၆–၁၁–၂၀၂၀) ရက်နေ့တွင် ကြေညာ ပြီး ရက်သတ္တတစ်ပတ်အတွင်း စာချုပ်ချုပ်ဆို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

တင်ဒါလက်ခံစိစစ်ရေးကော်မတီ
လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့